

ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ ။ ၂၀၁၉ ခုနှစ် ၊ နိုဝင်ဘာလ ၂၈ ရက်

## မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ၏ ကာကွယ်ရေးကဏ္ဍအား လေ့လာခြင်း


**အကျဉ်းချုပ်**

နိုင်ငံတိုင်းသည် မိမိနိုင်ငံအမျိုးသားအကျိုးစီးပွားကိုရှေးရှု၍ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ရေရှည်တည်တံ့ထိန်းသိမ်းနိုင်ရန်အတွက် ကာကွယ်ရေး အသုံးစရိတ် မြှင့်တင်ခြင်းကို ဆောင်ရွက်နေကြပါသည်။ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ၏ ကာကွယ်ရေးကဏ္ဍအား နှိုင်းယှဉ်ပါက စတုတ္ထနေရာ (ကမ္ဘာ့အဆင့် ၃၇ ) တွင် တည်ရှိပါသည်။ ဒေသတွင်း အင်အားကြီးနိုင်ငံဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံတို့နှင့် နယ်နိမိတ်ဆက်စပ်နေသော မြန်မာနိုင်ငံသည် စစ်ရေးအတွေ့အကြုံများပြားသော်လည်း စစ်လက်နက်ပစ္စည်းပိုင်းတွင် ခေတ်မီလက်နက်များ တပ်ဆင်နိုင်ခြင်းမရှိသေးပါ။ တိုးတက်ပြောင်းလဲနေသော နည်းပညာခေတ်တွင် နိုင်ငံတိုင်းသည် မိမိနိုင်ငံကာကွယ်ရန်အတွက် စစ်လက်နက်ပစ္စည်းများအား အပြိုင်အဆိုင် ထုတ်လုပ်/ဝယ်ယူလျက်ရှိပါသည်။ ဤစာတမ်းတိုတွင် ၂၀၁၉ ခုနှစ်၊ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ၏ ကာကွယ်ရေးကဏ္ဍနှင့်စပ်လျဉ်းသော အချက်အလက်များအား နှိုင်းယှဉ်ဖော်ပြထားပါသည်။



သုတေသနစာတမ်းတို အမှတ်စဉ် (၁၁၃)



ဤစာတမ်းတိုနှင့်ပတ်သတ်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားပါသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၃ |
| ၂။ | ရည်ရွယ်ချက် | ၄ |
| ၃။ | နိုင်ငံအကျယ်အဝန်း နှိုင်းယှဉ်ချက် | ၄ |
| ၄။ | လူဦးရေ နှိုင်းယှဉ်ချက် | ၄ |
| ၅။ | စီးပွားရေးတိုးတက်မှုနှုန်း နှိုင်းယှဉ်ချက် | ၅ |
| ၆။ | ကာကွယ်ရေးအင်အား နှိုင်းယှဉ်ချက် | ၇ |
| ၇။ | အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးအခြေအနေများ | ၁၃ |
| ၈။ | နိဂုံး | ၁၆ |

**နိဒါန်း**

၁။ မြန်မာနိုင်ငံသည် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁)၊ ပုဒ်မ (၄၁) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဖက်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှု၍ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းလိုက်နာလျက်ရှိပါသည်။ ထို့အပြင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ ပုဒ်မ (၄၂) (က)တွင် နိုင်ငံတော်သည် မည်သည့်နိုင်ငံကိုမျှ စတင်ကျူးကျော်တိုက်ခိုက်ခြင်းမပြု နှင့် ပုဒ်မ (၄၂) (ခ)တွင် နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြု ဟုပြဋ္ဌာန်းထားပါသည်။

၂။ အိမ်နီးချင်းနိုင်ငံများကို လေ့လာကြည့်ပါက စီးပွားရေးတိုးတက်မှုနှုန်း မြင့်မားနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမေရိကန်နိုင်ငံမှ ကျောထောက်နောက်ခံပြုထားသော အိန္ဒိယသမ္မတနိုင်ငံ၊ နယ်မြေဧရိယာ ကျဉ်းမြောင်းပြီး လူဦးရေတိုးပွားနှုန်း မြင့်မားနေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ယခင်ကနယ်နိမိတ် ပြဿနာများဖြစ်ပွားခဲ့သော အမေရိကန်နိုင်ငံ၏သြဇာခံ ထိုင်းနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်နိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေပါသည်။ မြန်မာနိုင်ငံသည် အိမ်နီးချင်း ၄ နိုင်ငံနှင့် လက်ရှိအခြေအနေတွင် ဆက်ဆံရေးကောင်းမွန်နေသော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်မူ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသော ဘင်္ဂလီလူမျိုးများ နေရပ်ပြန်လာရေးနှင့် လက်ရှိလက်နက်ကိုင်ပဋိပက္ခများ၊ ဘာသာရေးပြဿနာ၊ လူ့အခွင့်အရေးချိုးဖောက်မှု ပြဿနာအဖြစ်ပုံဖော်ခံရမှုအခြေအနေများကို ရင်ဆိုင်နေရပါသည်။

၃။ မြန်မာနိုင်ငံသည် မြောက်ဘက်တွင် တရုတ်နိုင်ငံ၊ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံတို့တည်ရှိ၍ တောင်ဘက်နှင့်အရှေ့တောင်ဘက်တွင် ကျန်အရှေ့တောင်အာရှနိုင်ငံများ တည်ရှိသောကြောင့် မြန်မာနိုင်ငံအား အာရှတိုက်၏ဗဟိုချက် ဟုသတ်မှတ်ကြသည်။ အာရှနိုင်ငံများသည် ကမ္ဘာ့လူဦးရေထက်ဝက်ခန့်နှင့် စီးပွားရေးတိုးတက်နှုန်းမြင့်မားမှုကို ပိုင်ဆိုင်ထားကြပါသည်။ မြန်မာနိုင်ငံအစိုးရ တိုးမြှင့်လုပ်ဆောင်လျက်ရှိသည့် ကုန်သွယ်ရေးနှင့်နိုင်ငံတကာရင်းနှီးမြှုပ်နှံရေးစီမံကိန်းများတွင် နိုင်ငံ၏မဟာဗျူဟာကျသော တည်နေရာအနေအထားသည် ကမ္ဘာ့နိုင်ငံများမှစိတ်ဝင်စားဖွယ်ရာအဖြစ် တည်ရှိနေပါသည်။

## ရည်ရွယ်ချက်

၄။ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ၏ ကာကွယ်ရေးကဏ္ဍအား သိရှိစေရန် ရည်ရွယ်ပါသည်။

## နိုင်ငံအကျယ်အဝန်းနှိုင်းယှဉ်ချက်

၅။ မြန်မာနိုင်ငံသည် အိမ်နီးချင်း ၅ နိုင်ငံနှင့် ဧရိယာအကျယ်အဝန်း နှိုင်းယှဉ်ပါက အဆင့် ၃ နေရာတွင်ရှိပြီး ကမ္ဘာအဆင့်သတ်မှတ်ချက် ၁၃၇ ခု၌အဆင့် ၃၉ နေရာတွင်ရှိပါသည်။ ကမ္ဘာအကြီးဆုံးနိုင်ငံသည် ရုရှားနိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံသည် ကမ္ဘာအဆင့် ၂ ၊ အိန္ဒိယနိုင်ငံသည် ကမ္ဘာအဆင့် ၇၊ ထိုင်းနိုင်ငံသည် ကမ္ဘာအဆင့် ၅၀၊ လာအိုနိုင်ငံသည် ကမ္ဘာအဆင့် ၈၁ နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကမ္ဘာအဆင့် ၉၆ တွင်ရှိပါသည်။ ထူးခြားချက်အနေဖြင့် လာအိုနိုင်ငံသည် ကုန်းတွင်းပိတ်နိုင်ငံ ဖြစ်ပါသည်။[1]မြန်မာနိုင်ငံနှင့် အိမ်နီးချင်း ၅ နိုင်ငံ၏ နိုင်ငံအကျယ်အဝန်း ပိုင်ဆိုင်မှုအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

| စဉ် | နိုင်ငံ | အကျယ်အဝန်း စတုရန်း (km) | ကမ်းရိုးတန်း ပိုင်ဆိုင်မှု (km) | နယ်နမိတ် ထိစပ်မှု (km) | ရေကြောင်း အသုံးပြုနိုင်မှု (km) |
|---|---|---|---|---|---|
| ၁။ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ[2] | ၉,၅၉၆,၉၆၁ | ၁၄,၅၀၀ | ၂၂,၄၅၇ | ၁၁၀,၀၀၀ |
| ၂။ | အိန္ဒိယနိုင်ငံ[3] | ၃,၂၈၇,၂၆၃ | ၇,၀၀၀ | ၁၃,၈၈၈ | ၁၄,၅၀၀ |
| ၃။ | မြန်မာနိုင်ငံ[4] | ၆၇၆,၅၇၈ | ၁,၉၃၀ | ၆,၅၂၂ | ၁၂,၈၀၀ |
| ၄။ | ထိုင်းနိုင်ငံ[5] | ၅၁၃,၁၂၀ | ၃,၂၁၉ | ၅,၆၇၃ | ၄,၀၀၀ |
| ၅။ | လာအိုနိုင်ငံ[6] | ၂၃၆,၈၀၀ | - | ၅,၂၇၄ | ၄,၆၀၀ |
| ၆။ | ဘင်္ဂလားဒေ့ရှ်နိုင်ငံ[7] | ၁၄၃,၉၉၈ | ၅၈၀ | ၄,၄၁၃ | ၈,၃၇၀ |

## လူဦးရေနှိုင်းယှဉ်ချက်

**၆။** မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေအများဆုံးဖြစ်သော တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ဆက်စပ်နေပါသည်။ ၂၀၅၀ ခုနှစ်အထိ လူဦးရေခန့်မှန်းချက်အရ အိန္ဒိယနိုင်ငံသည်

[1] https://www.worldometers.info/geography/largest-countries-in-the-world
[2] https://www.globalfirepower.com/country-military-strength-detail.asp?country_id=china
[3] https://www.globalfirepower.com/country-military-strength-detail.asp?country_id=india
[4] https://www.globalfirepower.com/country-military-strength-detail.asp?country_id=myanmar
[5] https://www.globalfirepower.com/country-military-strength-detail.asp?country_id=thailand
[6] https://www.globalfirepower.com/country-military-strength-detail.asp?country_id=laos
[7] https://www.globalfirepower.com/country-military-strength-detail.asp?country_id=bangladesh

၁,၆၃၉ သန်းဖြင့် ကမ္ဘာအဆင့် ၁ နေရာဖြင့် လည်းကောင်း၊တရုတ်နိုင်ငံသည် ၁,၄၀၂ သန်းဖြင့် ကမ္ဘာအဆင့် ၂ နေရာသို့ ရောက်ရှိနိုင်ပါသည်။ အမေရိကန်နိုင်ငံသည် ၂၀၅၀ ခုနှစ်တွင် ကမ္ဘာအဆင့် ၃ နေရာမှ အဆင့် ၄ နေရာသို့ လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကမ္ဘာအဆင့် ၁၀ နေရာသို့ ရောက်ရှိနိုင်ပါသည်။[8] ၂၀၁၉ခုနှစ်၏ မြန်မာနိုင်ငံနှင့် အိမ်နီးချင်း ၅ နိုင်ငံ၏ လူဦးရေ ခန့်မှန်းချက်အား အောက်ပါအတိုင်းဖော်ပြအပ်ပါသည် -

| စဉ် | နိုင်ငံ / အခြေအနေ | တရုတ်[9] | အိန္ဒိယ[10] | ဘင်္ဂလားဒေ့ရှ်[11] | ထိုင်း[12] | မြန်မာ[13] | လာအို[14] |
|---|---|---|---|---|---|---|---|
| ၁။ | လူဦးရေ (သန်းပေါင်း) | ၁,၄၃၅ | ၁,၃၆၉ | ၁၆၃ | ၆၉.၆ | ၅၄ | ၇.၁ |
| ၂။ | လူဦးရေသိပ်သည်းမှု (per km2) | ၁၅၃ | ၄၆၀ | ၁၂၅၃ | ၁၃၆ | ၈၃ | ၃၁ |
| ၃။ | လူဦးရေတိုးတက်မှုနှုန်း | ၀.၄၃% | ၁.၀၂% | ၁.၀၃% | ၀.၂၈% | ၀.၆၃% | ၁.၅၃% |
| ၄။ | ၂၀၁၈ ခုနှစ်နှင့် နှိုင်းယှဉ်ချက် (သန်းပေါင်း) | +၆.၁ | +၁၃.၇ | +၁.၆ | +၀.၁၉ | + ၀.၃၃ | +၁.၅၃ |
| ၅။ | ကမ္ဘာလူဦးရေ | ၁၈.၅၉% | ၁၇.၇၁% | ၂.၁၁% | ၀.၉% | ၀.၇% | ၀.၀၉% |
| ၆။ | မြို့ပြနေပြည်သူ | ၅၉.၇% | ၃၄.၅% | ၃၈.၆% | ၅၀.၅% | ၃၁% | ၃၅.၁% |
| ၇။ | ကမ္ဘာအဆင့် | ၁/၁၃၇ | ၂/၁၃၇ | ၈/၁၃၇ | ၂၀/၁၃၇ | ၂၆/၁၃၇ | ၁၀၅/၁၃၇ |

**စီးပွားရေးတိုးတက်မှုနှုန်း နှိုင်းယှဉ်ချက်**

၇။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်အမေရိကန်နိုင်ငံ၏ ကုန်သွယ်ရေးစစ်ပွဲအကျိုးဆက်ကြောင့် ဒေသတစ်ခုလုံးတွင် စီးပွားရေးတိုးတက်နှုန်းသည် ၂၀၁၉ ခုနှစ် ပထမနှစ်ဝက်အတွင်း ၄ ရာခိုင်နှုန်းအထိ သာရောက်ရှိသဖြင့် ၂၀၁၈ ခုနှစ်၊ ဒုတိယနှစ်ဝက်တိုးတက်မှု ၄.၅ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက ကျဆင်းခဲ့ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ ကာကွယ်ရေးကဏ္ဍတိုးမြှင့်ခြင်းသည် စီးပွားရေးတိုးတက်မှု အပေါ်တွင် များစွာအမှီသဟဲပြုလျက်ရှိပါသည်။ နိုင်ငံ့စီးပွားရေး တိုးတက်မှသာ ခေတ်မှီလက်နက်

[8] https://www.worldometers.info/population/most-populous-countries/#past
[9] https://www.worldometers.info/world-population/china-population
[10] https://www.worldometers.info/world-population/india-population
[11] https://www.worldometers.info/world-population/bangladesh-population
[12] https://www.worldometers.info/world-population/thailand-population
[13] https://www.worldometers.info/world-population/myanmar-population
[14] https://www.worldometers.info/world-population/laos-population

များ ဝယ်ယူနိုင်ခြင်းနှင့် စစ်အင်အားတိုးချဲ့နိုင်မည်ဖြစ်ပြီး နိုင်ငံအား လုံခြုံစွာကာကွယ်နိုင်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့် အိမ်နီးချင်း ၅ နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းအား အောက်ပါ အတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | နိုင်ငံ | ငွေကြေးဖောင်းပွမှုနှုန်း(%) | GDP (US$ – billion) | | နှစ်စဉ် GDP တိုးတက်မှုနှုန်း(%) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | ၂၀၁၈ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၈ | ၂၀၁၉ | |
| ၁။ | တရုတ်နိုင်ငံ[15] | ၂.၉ | ၁,၂၁၄၃ | ၁,၃၆၀၈ | ၆.၆ | ၆.၂ | ⬇ |
| ၂။ | အိန္ဒိယနိုင်ငံ[16] | ၄.၂ | ၂,၆၅၃ | ၂,၇၂၆ | ၇.၂ | ၇.၅ | ⬆ |
| ၃။ | ထိုင်းနိုင်ငံ[17] | ၁.၄ | ၄၅၅ | ၅၀၅ | ၄.၁ | ၃.၅ | ⬇ |
| ၄။ | ဘင်္ဂလားဒေ့ရှ်နိုင်ငံ[18] | ၅.၆ | ၂၅၀ | ၂၇၄ | ၇.၉ | ၇.၃ | ⬇ |
| ၅။ | မြန်မာနိုင်ငံ[19] | ၈.၃ | ၆၆.၇ | ၇၁.၂၁ | ၆.၂ | ၆.၅ | ⬆ |
| ၆။ | လာအိုနိုင်ငံ[20] | ၁.၇ | ၁၆.၈ | ၁၈.၁၃ | ၆.၅ | ၆.၆ | ⬆ |

၈။ မြန်မာ့စီးပွားရေးတိုးတက်မှုကို နှောင့်နှေးစေသည်များထဲတွင် အမေရိကန်-တရုတ် ကုန်သွယ်မှု ပြဿနာနှင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသည့် ပဋိပက္ခများပါဝင်ပြီး လက်ရှိတွင် ခရီးသွားလုပ်ငန်း ကဏ္ဍမှာ ယင်း၏အကျိုးဆက်များကြောင့် ယခင် ၂၀၁၅ ခုနှစ်နှင့် နှိုင်းယှဉ်ပါက နိုင်ငံတကာမှခရီးသွား ဝင်ရောက်မှု ၂၅ ရာခိုင်နှုန်း လျော့နည်းသွားသည်ကို တွေ့မြင်ရပါသည်။ အခြားသော သက်ရောက် မှုများထဲတွင် EU နှင့် ဆောင်ရွက်နေသည့် အထူးကုန်သွယ်မှုများ၊ ဆုံးရှုံးခြင်းများ ပါဝင်နိုင်ပြီး အဝတ်အထည် တင်ပို့မှုများအတွက် များစွာထိခိုက်နိုင်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အားကောင်းလာခြင်း၏ အကျိုးဆက်အဖြစ် စီးပွားရေးလုပ်ကိုင်မှု အခြေအနေများ နှင့် အခွန်စနစ်များ၊ နယ်ခြားကုန်သွယ်မှု သဘောတူညီချက်စနစ်များကိုပါ ရှင်းလင်းတိုးတက်စေရန် လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ရေရှည်အနေဖြင့် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ အခြေ ခိုင်စွာလုပ်ဆောင်နိုင်ရန်အတွက် အခြေခံစနစ်များနှင့် စည်းမျဉ်းများကို ပြုပြင်ပြောင်းလဲရန် လိုအပ် လျက်ရှိပါသည်။[21] မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကျဆင်းသွားရခြင်းမှာ စက်မှုကဏ္ဍ

[15] https://data.worldbank.org/country/china?view=chart
[16] https://data.worldbank.org/country/india?view=chart
[17] https://data.worldbank.org/country/thailand?view=chart
[18] https://data.worldbank.org/country/bangladesh?view=chart
[19] https://data.worldbank.org/country/myanmar?view=chart
[20] https://data.worldbank.org/country/lao-pdr?view=chart
[21] https://news-eleven.com/article/139421

စွမ်းဆောင်ရည် နှေးကွေးလာခြင်း၊ ဝန်ဆောင်မှုကဏ္ဍနှင့် ဆက်စပ်နေသည့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ နှေးကွေးလာခြင်း၊ ခရီးသွားကဏ္ဍဆိုင်ရာ နှေးကွေးမှုများကြောင့် ဖွံ့ဖြိုးမှုအဟုန်ကို လျော့ကျစေခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်လယ်တွင် ငွေလဲနှုန်းနှင့်ကုန်ကျစရိတ်သည် စက်မှုကဏ္ဍစွမ်းဆောင်ရည်အပေါ် သက်ရောက်စေခဲ့သည်။ သို့သော်လည်း ၂၀၁၉ ခုနှစ်တွင် ၆.၅ ရာခိုင်နှုန်း ၊ ၂၀၂၀ ခုနှစ်တွင် ၆.၆ ရာခိုင်နှုန်း ဆက်လက်မြင့်တက်နေမည်ဟု ကမ္ဘာ့ဘဏ်က မျှော်မှန်းပါသည်။[22]

**ကာကွယ်ရေးအင်အား နှိုင်းယှဉ်ချက်**

၉။ ကမ္ဘာပေါ်ရှိနိုင်ငံအသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးတပ်မတော်အား ဖွဲ့စည်းထားသော်လည်း ၃၃ နိုင်ငံတွင် နိုင်ငံတပ်မတော် ဖွဲ့စည်းထားခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ အဆိုပါ တပ်မတော်မရှိသော နိုင်ငံများသည် ရဲတပ်ဖွဲ့ဖြင့်သာ ပြည်တွင်းလုံခြုံရေးကို တာဝန်ယူဆောင်ရွက်ကြပြီး ပြည်ပကျူးကျော်မှုများအား အင်အားကြီးနိုင်ငံအချို့မှ တာဝန်ယူကြပါသည်။[23] နိုင်ငံတိုင်းသည် မိမိနိုင်ငံ၏ကာကွယ်ရေးအင်အားနှင့် စစ်လက်နက်များကို လျှို့ဝှက်သိုသိပ်စွာ ထားရှိကြပါသည်။ တရုတ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံသည် နျူကလီးယားလက်နက် ပိုင်ဆိုင်ထားသော နိုင်ငံများဖြစ်ကြပါသည်။ မြန်မာနိုင်ငံသည် အိမ်နီးချင်း ၅ နိုင်ငံနှင့် ကာကွယ်ရေးအင်အား နှိုင်းယှဉ်ပါက စတုတ္ထနေရာ (ကမ္ဘာ့အဆင့် ၃၇) တွင် တည်ရှိပြီး အမေရိကန်နိုင်ငံသည် ကမ္ဘာ့အဆင့် ၁၊ ရုရှားနိုင်ငံသည် ကမ္ဘာ့အဆင့် ၂ တွင်တည်ရှိပါသည်။ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ၏ ကာကွယ်ရေးကဏ္ဍအား ကမ္ဘာ့အဆင့် သတ်မှတ်ချက်ဖြင့် အောက်ပါအတိုင်းဖော်ပြအပ်ပါသည် -

| စဉ် | နိုင်ငံ | ကမ္ဘာ့အဆင့် | အိမ်နီးချင်းအဆင့် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | တရုတ်နိုင်ငံ | ၃/၁၃၇ | ၁ | |
| ၂။ | အိန္ဒိယနိုင်ငံ | ၄/၁၃၇ | ၂ | |
| ၃။ | ထိုင်းနိုင်ငံ | ၂၆/၁၃၇ | ၃ | |
| ၄။ | မြန်မာနိုင်ငံ | ၃၇/၁၃၇ | ၄ | |
| ၅။ | ဘင်္ဂလားဒေ့ရှ်နိုင်ငံ | ၄၅/၁၃၇ | ၅ | |
| ၆။ | လာအိုနိုင်ငံ | ၁၂၇/၁၃၇ | ၆ | |

[22] https://www.bandapost.org/the-world-bank-economic-review
[23] https://www.businessinsider.com/these-are-the-31-countries-that-dont-have-armed-forces-2019-10

၁၀။ မြန်မာနိုင်ငံနှင့် အိမ်နီးချင်း ၅ နိုင်ငံ၏ ကာကွယ်ရေးကဏ္ဍ နှိုင်းယှဉ်ချက်အား တပ်တစ်ခု ချင်းစီအလိုက် ဖော်ပြအပ်ပါသည်-

(က) **ကြည်းတပ်အင်အား ။** လူဦးရေများပြားသော တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံနှင့်အစဉ်အဆက် ဆိုးရွားသောဆက်ဆံရေးမရှိခဲ့ပါ။ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လူဦးရေများပြားသော်လည်း စစ်မှုထမ်းရန် အသင့်ဖြစ်သော အင်အားမှာ ၁ သိန်းခန့်သာ ရှိပါသည်။ ထိုင်းနိုင်ငံသည် ထိုင်းတပ်မတော် စစ်မှုထမ်းများ၏ စစ်ရေးစွမ်းပကားမှာ တိုးတက်လျက်ရှိပါသည်။ လာအိုနိုင်ငံမှာ ကုန်းတွင်းပိတ်နိုင်ငံဖြစ်ခြင်းနှင့် လူဦးရေနည်းပါးခြင်းတို့ကြောင့် ကာကွယ်ရေးအင်အားမှာ တိုးချဲ့နိုင်ခြင်းမရှိသေးပါ။ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ၏ စစ်မှုထမ်းအင်အား နှိုင်းယှဉ်ချက်အား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

| စဉ် | နိုင်ငံ / အမျိုးအစား | **တရုတ်**[24] | **အိန္ဒိယ**[25] | **ထိုင်း**[26] | **မြန်မာ**[27] | ဘင်္ဂလားဒေ့ရှ်[28] | **လာအို**[29] |
|---|---|---|---|---|---|---|---|
| ၁။ | စွမ်းဆောင်နိုင်သည့် ဦးရေ(သန်း) | ၇၅၂ (၅၄.၄%) | ၆၂၂ (၄၈%) | ၃၅.၅ (၅၁.၈%) | ၃၀.၂ (၅၄.၄%) | ၇၈.၉ (၄၉.၅%) | ၃.၂ (၄၄.၉%) |
| ၂။ | စစ်မှုထမ်းရန်သင့် လျော်သည့် ဦးရေ(သန်း) | ၆၂၁ (၄၄.၉%) | ၄၉၄ (၃၈.၁%) | ၂၇.၃ (၃၉.၉%) | ၂၁.၈ (၃၉.၂%) | ၆၃.၁ (၃၉.၆%) | ၂.၃ (၃၂.၃%) |
| ၃။ | သတ်မှတ်ထားသော စစ်မှုထမ်း သက်တမ်းရှိဦးရေ (သန်း) | ၁၉ (၁.၄%) | ၂၃ (၁.၈%) | ၁.၁ (၁.၆%) | ၁ (၁.၈%) | ၃ (၁.၉%) | ၀.၁ (၂%) |
| ၄။ | စစ်မှုထမ်းပေါင်း (သန်း) | ၂.၆၉ (၀.၂%) | ၃.၄၆ (၀.၃%) | ၀.၆ (၀.၆%) | ၀.၄ (၀.၇%) | ၀.၁ (၀.၁%) | ၀.၀၃ (၀.၄%) |
| ၅။ | လက်ရှိစစ်မှုထမ်း ဦးရေ(သန်း) | ၂.၁ (၀.၂%) | ၁.၃၆ (၀.၁%) | ၀.၄ (၀.၅%) | ၀.၄ (၀.၇%) | ၀.၁ (၀.၁% | ၀.၀၃ (၀.၄%) |
| ၆။ | အရန်စစ်သည် ဦးရေ(သန်း) | ၀.၅ (၀%) | ၂.၁ (၀.၂%) | ၀.၂ (၀.၄%) | ၀ (၀%) | ၀ (၀%) | ၀ (၀%) |

[24] https://www.globalfirepower.com/country-military-strength-detail.asp?country_id=china
[25] https://www.globalfirepower.com/country-military-strength-detail.asp?country_id=india
[26] https://www.globalfirepower.com/country-military-strength-detail.asp?country_id=thailand
[27] https://www.globalfirepower.com/country-military-strength-detail.asp?country_id=myanmar
[28] https://www.globalfirepower.com/country-military-strength-detail.asp?country_id=bangladesh
[29] https://www.globalfirepower.com/country-military-strength-detail.asp?country_id=laos

(ခ) **တင့်၊ အမြောက်နှင့် ဒုံးယာဉ်အင်အား ။** ကမ္ဘာ့ကာကွယ်ရေးအသုံးစရိတ် အမြင့်ဆုံး အသုံးပြုနေသော အမေရိကန်နိုင်ငံနှင့် ဆက်ဆံရေးတင်းမာနေသော အိမ်နီးချင်း တရုတ်နိုင်ငံသည် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် နှစ်(၇၀)ပြည့် တရုတ်အမျိုးသားနေ့အား ကျင်းပခဲ့ပါသည်။ ထိုနေ့တွင် ယခင်ကထုတ်ဖော်မပြသ ခဲ့သော နည်းပညာသစ်ဒုံးယာဉ်များအပါအဝင် စစ်လက်နက်ဆန်းများဖြင့် ချီတက် အင်အားပြသခဲ့ပါသည်။ တရုတ်နိုင်ငံအနေဖြင့် နည်းပညာမြင့်လက်နက်စနစ်ပိုင်းတွင် ကမ္ဘာအဆင့် ၁ နေရာသို့ ရောက်ရှိရန် ကြိုးစားနေကြောင်း တွေ့မြင်နိုင်ပါ သည်။[30] အိန္ဒိယနိုင်ငံသည်လည်း အမေရိကန်နိုင်ငံ၊ ရုရှားနိုင်ငံနှင့် တရုတ်နိုင်ငံပြီးလျှင် ဂြိုဟ်တုပစ်ဒုံးကျည်ကို ပိုင်ဆိုင်ထားသော စတုတ္ထမြောက်နိုင်ငံ ဖြစ်ပါသည်။[31] ကမ္ဘာအဆင့်သတ်မှတ်ချက် ၁၃၇ ဖြင့်ဖော်ပြထားရာ မြန်မာနိုင်ငံနှင့်အိမ်နီးချင်း နိုင်ငံများ၏ တင့်၊ အမြောက်နှင့်ဒုံးယာဉ်အင်အား နှိုင်းယှဉ်ချက်အား အောက်ပါ အတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | နိုင်ငံ / အမျိုးအစား | အဆင့် | တရုတ်[32] | အိန္ဒိယ[33] | ထိုင်း[34] | မြန်မာ[35] | ဘင်္ဂလားဒေ့ရှ်[36] | လာအို[37] |
|---|---|---|---|---|---|---|---|---|
| ၁။ | တိုက်ပွဲဝင်တင့် | ကမ္ဘာ | ၂ | ၆ | ၂၈ | ၄၁ | ၄၈ | ၈၇ |
| | | အိမ်နီးချင်း | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၂။ | သံချပ်ကာ | ကမ္ဘာ | ၂ | ၂၅ | ၄၃ | ၄၇ | ၇၈ | ၁၂၃ |
| | | အိမ်နီးချင်း | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၃။ | ယာဉ်တင် အမြောက် | ကမ္ဘာ | ၂ | ၂၆ | ၅၀ | ၃၄ | ၆၁ | ၁၃၇ |
| | | အိမ်နီးချင်း | ၁ | ၂ | ၄ | ၃ | ၅ | ၆ |
| ၄။ | ယာဉ်ဆွဲ အမြောက် | ကမ္ဘာ | ၁ | ၄ | ၁၉ | ၁၁ | ၃၂ | ၈၄ |
| | | အိမ်နီးချင်း | ၁ | ၂ | ၄ | ၃ | ၅ | ၆ |
| ၅။ | ဒုံးယာဉ် | ကမ္ဘာ | ၃ | ၁၄ | ၅၀ | ၃၁ | ၄၇ | ၁၃၇ |
| | | အိမ်နီးချင်း | ၁ | ၂ | ၅ | ၃ | ၄ | ၆ |

[30] http://www.myawady.net.mm/news/globalnews/item/50886-2019-10-02-09-25-51
[31] https://www.bbc.com/burmese/world-47722017
[32] https://www.globalfirepower.com/country-military-strength-detail.asp?country_id=china
[33] https://www.globalfirepower.com/country-military-strength-detail.asp?country_id=india
[34] https://www.globalfirepower.com/country-military-strength-detail.asp?country_id=thailand
[35] https://www.globalfirepower.com/country-military-strength-detail.asp?country_id=myanmar
[36] https://www.globalfirepower.com/country-military-strength-detail.asp?country_id=bangladesh
[37] https://www.globalfirepower.com/country-military-strength-detail.asp?country_id=laos

(ဂ) **ရေတပ်အင်အား ။** တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်အတွင်းတွင် ကျွန်းတုတည်ဆောက်၍ တောင်တရုတ်ပင်လယ်အား ပိုင်ဆိုင်ရန် ကြိုးစားလျှက်ရှိပါသည်။မြန်မာနိုင်ငံအနေဖြင့် ပထမဆုံး အာဆီယံ–အမေရိကန် ပူးတွဲရေတပ် စစ်ဆင်ရေး လေ့ကျင့်ခန်းများ(AUMX)[38]၊ အိန္ဒိယ–မြန်မာ ဒုတိယအကြိမ် ပူးတွဲရေကြောင်းလေ့ကျင့်မှု(IMNEX 2019)[39]များတွင် ပါဝင်လေ့ကျင့်ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံမှ ပထမဆုံး ရေငုပ်သင်္ဘောအား မှာယူပြီးဖြစ်ပါသည်။[40] ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၁၃၇ ဖြင့်ဖော်ပြထားရာ မြန်မာနိုင်ငံနှင့်အိမ်နီးချင်းနိုင်ငံများ၏ ရေတပ်အင်အား နှိုင်းယှဉ်ချက်အား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်_

| စဉ် | နိုင်ငံ / အမျိုးအစား | တရုတ်[41] | အိန္ဒိယ[42] | ထိုင်း[43] | မြန်မာ[44] | ဘင်္ဂလားဒေ့ရှ်[45] | လာအို[46] |
|---|---|---|---|---|---|---|---|
| ၁။ | လေယာဉ်တင်သင်္ဘော | ၁ | ၁ | ၁ | ၀ | ၀ | ၀ |
| ၂။ | ဖရီးဂိတ် | ၅၂ | ၁၃ | ၇ | ၅ | ၀ | ၀ |
| ၃။ | ဖျက်သင်္ဘော | ၃၃ | ၁၁ | ၀ | ၀ | ၀ | ၀ |
| ၄။ | ကမ်းရိုးတန်းစောင့်ရေယာဉ် | ၄၂ | ၂၂ | ၇ | ၃ | ၆ | ၀ |
| ၅။ | ရေငုပ်သင်္ဘော | ၇၆ | ၁၆ | ၀ | ၀ | ၂ | ၀ |
| ၆။ | ကင်းလှည့်ရေယာဉ် | ၁၉၂ | ၁၃၉ | ၄၂ | ၆၅ | ၂၆ | ၃၅ |
| ၇။ | မိုင်းရှာရေယာဉ် | ၃၃ | ၁ | ၇ | ၁၁ | ၄ | ၀ |
| ၈။ | ရေတပ်သင်္ဘောပိုင်ဆိုင်မှု စုစုပေါင်း | ၇၁၄ | ၂၉၅ | ၈၁ | ၁၅၅ | ၈၉ | ၃၆ |
| ၉။ | ကမ္ဘာ့အဆင့် | ၂ | ၇ | ၂၉ | ၁၅ | ၂၅ | ၆၅ |
| ၁၀။ | အိမ်နီးချင်းအဆင့် | ၁ | ၂ | ၅ | ၃ | ၄ | ၆ |

[38] https://burmese.voanews.com/a/asean-us-first-martine-exercise-/5058168.html
[39] https://burmese.voanews.com/a/5131043.html
[40] https://www.navyrecognition.com/index.php/news/defence-news/2019/july/7327-myanmar-to-receive-its-first-kilo-class-submarine-from-india.html
[41] https://www.globalfirepower.com/country-military-strength-detail.asp?country_id=china
[42] https://www.globalfirepower.com/country-military-strength-detail.asp?country_id=india
[43] https://www.globalfirepower.com/country-military-strength-detail.asp?country_id=thailand
[44] https://www.globalfirepower.com/country-military-strength-detail.asp?country_id=myanmar
[45] https://www.globalfirepower.com/country-military-strength-detail.asp?country_id=bangladesh
[46] https://www.globalfirepower.com/country-military-strength-detail.asp?country_id=laos

(ဃ) **လေတပ်အင်အား** ။ တရုတ်နိုင်ငံလေတပ်သည် အာရှဒေသတွင် အကြီးမားဆုံးနှင့် ကမ္ဘာတွင် တတိယအကြီးဆုံးလေတပ်ဖြစ်ပါသည်။ စွမ်းဆောင်ရည်အပိုင်းတွင် အမေရိကန်နှင့် ကွာဟမှုနည်းလာပြီဖြစ်ပါသည်။[47]ကမ္ဘာအဆင့်သတ်မှတ်ချက်အား ၁၃၇ ဖြင့်ဖော်ပြထားရာ မြန်မာနိုင်ငံနှင့်အိမ်နီးချင်း နိုင်ငံများ၏ လေတပ်အင်အား နှိုင်းယှဉ်ချက်အား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

| စဉ် | နိုင်ငံ / အမျိုးအစား | အဆင့် | တရုတ်[48] | အိန္ဒိယ[49] | ထိုင်း[50] | မြန်မာ[51] | ဘင်္ဂလားဒေ့ရှ်[52] | လာအို[53] |
|---|---|---|---|---|---|---|---|---|
| ၁။ | တိုက်လေယာဉ် | ကမ္ဘာ | ၂ | ၄ | ၂၉ | ၄၀ | ၄၀ | ၁၃၇ |
| | | အိမ်နီးချင်း | ၁ | ၂ | ၃ | ၄ | ၄ | ၅ |
| ၂။ | တိုက်ခိုက်ရေး လေယာဉ် | ကမ္ဘာ | ၂ | ၄ | ၂၈ | ၃၂ | ၄၇ | ၁၃၇ |
| | | အိမ်နီးချင်း | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၃။ | သယ်ယူပို့ဆောင်ရေးလေယာဉ် | ကမ္ဘာ | ၄ | ၃ | ၁၇ | ၃၀ | ၄၂ | ၅၁ |
| | | အိမ်နီးချင်း | ၂ | ၁ | ၃ | ၄ | ၅ | ၆ |
| ၄။ | လေ့ကျင့်ရေး လေယာဉ် | ကမ္ဘာ | ၅ | ၆ | ၁၉ | ၃၃ | ၄၃ | ၁၃၇ |
| | | အိမ်နီးချင်း | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၅။ | ရဟတ်ယာဉ် စုစုပေါင်း | ကမ္ဘာ | ၃ | ၅ | ၁၄ | ၄၄ | ၅၄ | ၆၆ |
| | | အိမ်နီးချင်း | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၆။ | တိုက်ခိုက်ရေး ရဟတ်ယာဉ် | ကမ္ဘာ | ၃ | ၂၇ | ၃၇ | ၃၅ | ၁၃၇ | ၁၃၇ |
| | | အိမ်နီးချင်း | ၁ | ၂ | ၄ | ၃ | ၅ | ၅ |
| ၇။ | လေယာဉ်ပိုင်ဆိုင်မှု စုစုပေါင်း | ကမ္ဘာ | ၃ | ၄ | ၁၉ | ၄၀ | ၅၃ | ၉၄ |
| | | အိမ်နီးချင်း | ၁ | ၂ | ၃ | ၄ | ၅ | ၆ |

(င) **အုပ်ချုပ်ထောက်ပံ့မှု** ။ တရုတ်နိုင်ငံသည် ၂၀၅၀ နှစ်တွင် ကမ္ဘာနံပါတ် တစ် အမေရိကန်နိုင်ငံအား စစ်လက်နက်နှင့် စစ်ဖက်နည်းပညာပိုင်းတွင် ယှဉ်ပြိုင်နိုင်ရန် ကာကွယ်ရေးအသုံးစရိတ်အား နှစ်စဉ်တိုးမြှင့်သုံးစွဲလျှက်ရှိပါသည်။ တရုတ်နိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်သည် ၂၀၁၈ ခုနှစ်ထက် ၇.၅ ရာခိုင်နှုန်း တိုးမြှင့်သုံးစွဲပါ

47 http://myawady.net.mm/index.php/translatearticles/item/40786-2019-03-06-09-33-44
48 https://www.globalfirepower.com/country-military-strength-detail.asp?country_id=china
49 https://www.globalfirepower.com/country-military-strength-detail.asp?country_id=india
50 https://www.globalfirepower.com/country-military-strength-detail.asp?country_id=thailand
51 https://www.globalfirepower.com/country-military-strength-detail.asp?country_id=myanmar
52 https://www.globalfirepower.com/country-military-strength-detail.asp?country_id=bangladesh
53 https://www.globalfirepower.com/country-military-strength-detail.asp?country_id=laos

သည်။[54] နိုင်ငံတစ်နိုင်ငံ၏ ကာကွယ်ရေးကဏ္ဍသည် ဘဏ္ဍာငွေခွဲရရှိမှုအပေါ်တွင် မူတည်နေပါသည်။ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ၏ အုပ်ချုပ်ထောက်ပံ့မှု နှိုင်းယှဉ်ချက်အား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်–

| စဉ် | နိုင်ငံ / အမျိုးအစား | **တရုတ်**55 | **အိန္ဒိယ**56 | **ထိုင်း**57 | **မြန်မာ**58 | ဘင်္ဂလားဒေ့ရှ်59 | **လာအို**60 |
|---|---|---|---|---|---|---|---|
| **စက်သုံးဆီ** | | | | | | | |
| ၁။ | ထုတ်လုပ်နိုင်မှု (သန်းပေါင်း) (စည်/နေ့) | ၃.၈ | ၀.၇၃ | ၀.၂၃ | ၀.၀၁၂ | ၀.၀၀၃ | ၀ |
| ၂။ | သုံးစွဲမှု (သန်းပေါင်း) (စည်/နေ့) | ၁၀.၁ | ၃.၅၁ | ၁.၀ | ၀.၀၂၈ | ၀.၁ | ၀.၀၀၀၃ |
| ၃။ | အရန် (သန်းပေါင်း)(စည်) | ၂၅,၆၂၀ | ၄,၆၂၁ | ၃၉၆ | ၁၃၉ | ၂၈ | ၀ |
| **ထောက်ပံ့ပို့ဆောင်ရေး စီမံဖွဲ့စည်းမှု** | | | | | | | |
| ၁။ | လုပ်သားအင်အား (သန်း) | ၈၀၆ | ၅၂၁.၉ | ၃၈.၄ | ၂၂.၃ | ၇၃.၄ | ၃.၅ |
| ၂။ | ကုန်တင်သင်္ဘော | ၄,၂၈၇ | ၁,၆၇၄ | ၇၈၁ | ၉၇ | ၃၀၆ | ၁ |
| ၃။ | အဓိက ဆိပ်ကမ်း/ နေရာ/လေဆိပ် | ၁၆ | ၁၂ | ၅ | ၃ | ၂ | ၀ |
| ၄။ | လမ်းအသုံးပြုနိုင်မှု (km) | ၃,၈၆၀,၈၀၀ | ၃,၃၂၀,၄၁၀ | ၁၈၀,၀၅၃ | ၃၄,၃၇၇ | ၂၁,၂၆၉ | ၃၉,၅၆၈ |
| ၅။ | မီးရထားလမ်း အသုံးပြုနိုင်မှု(km) | ၈၆,၀၀၀ | ၆၃,၉၇၄ | ၄,၀၇၁ | ၅,၀၃၁ | ၂,၆၂၂ | ၀ |
| ၆။ | အသုံးပြုနိုင်သည့် လေဆိပ် | ၅၀၇ | ၃၄၆ | ၁၀၁ | ၆၄ | ၁၈ | ၄၁ |
| **ဘဏ္ဍာရေးအသုံးစရိတ်( အမေရိကန် ဒေါ်လာ သန်းပေါင်း)** | | | | | | | |
| ၁။ | ကာကွယ်ရေး | ၂၂၄,၀၀၀ | ၅၅,၂၀၀ | ၅,၃၉၀ | ၂,၄၀၀ | ၁,၅၉၀ | ၁၈ |
| ၂။ | ပြင်ပကြွေးမြီ | ၁,၅၉၈,၀၀၀ | ၅၀၁,၆၀၀ | ၁၃၂,၀၀၀ | ၆,၅၉၄ | ၅၀,၂၆၀ | ၁၄,၉၀၀ |

[54] https://news-eleven.com/article/87633
[55] https://www.globalfirepower.com/country-military-strength-detail.asp?country_id=china
[56] https://www.globalfirepower.com/country-military-strength-detail.asp?country_id=india
[57] https://www.globalfirepower.com/country-military-strength-detail.asp?country_id=thailand
[58] https://www.globalfirepower.com/country-military-strength-detail.asp?country_id=myanmar
[59] https://www.globalfirepower.com/country-military-strength-detail.asp?country_id=bangladesh
[60] https://www.globalfirepower.com/country-military-strength-detail.asp?country_id=laos

| စဉ် | နိုင်ငံ / အမျိုးအစား | **တရုတ်**[55] | **အိန္ဒိယ**[56] | **ထိုင်း**[57] | **မြန်မာ**[58] | ဘင်္ဂလားဒေ့ရှ်[59] | **လာအို**[60] |
|---|---|---|---|---|---|---|---|
| ၃။ | အရန် စုဆောင်းထားမှု (နိုင်ငံခြားငွေ/ရွှေ) | ၃,၂၃၆,၀၀၀ | ၄၀၉,၈၀၀ | ၂၀၁,၆၀၀ | ၄,၉၂၄ | ၃၃,၄၂၀ | ၁,၂၇၀ |
| ၄။ | ဝယ်နိုင်အား (PPP– Purchasing Power Parity ) | ၂၄,၈၁၀,၀၀၀ | ၁၀,၀၆၅,၅၀၀ | ၁,၂၇၈,၀၀၀ | ၃၄၈,၀၀၀ | ၇၀၀,၀၀၀ | ၅၂,၀၀၀ |

**အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးအခြေအနေများ**

၁၁။ မြန်မာနိုင်ငံသည် အင်အားကြီး တရုတ်နိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေပြီး ကောင်းမွန်သော ဆက်ဆံရေးရှိသောကြောင့် အနောက်နိုင်ငံများမှ ပြည်တွင်းရေးဝင်ရောက်စွက်ဖက်ခံရခြင်း၊ ကမ္ဘာကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အရေးယူရန် အကြိမ်ကြိမ် အစီရင်ခံစာတင်သွင်းခံရခြင်း၊ ၂၀၁၉ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့၌ အမေရိကန်နိုင်ငံ၊ အောက်လွှတ်တော်တွင် BURMA ACT 2019 ဥပဒေမူကြမ်းအား တင်သွင်းခံရခြင်းစသည့် ဖိအားများစွာနှင့် ကြုံတွေ့နေရသော နိုင်ငံတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံသည် အစိုးရသစ်အနေဖြင့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေသော်လည်း အနောက်နိုင်ငံများ၏ မြန်မာနိုင်ငံအပေါ်ထားရှိသော မူဝါဒသည်များစွာ ပြောင်းလဲခဲ့ခြင်းမရှိကြောင်း တွေ့မြင်နိုင်ပါသည်။ နိုင်ငံမတည်မငြိမ်ဖြစ်ခြင်းသည် စီးပွားရေးတိုးတက်မှုအား များစွာအကျိုးသက်ရောက်စေပါသည်။ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများအား လေ့လာကြည့်ပါက တရုတ်နိုင်ငံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင်၊ ဗီတိုအာဏာ အသုံးပြုနိုင်သော နိုင်ငံဖြစ်ပြီး မြန်မာအရေးကိစ္စများတွင် မြန်မာနိုင်ငံဘက်မှ ရပ်တည်ခဲ့သော နိုင်ငံဖြစ်ပါသည်။ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၏ ပင်လယ်ထွက်ပေါက်ဖြစ်သော မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ်နောက်ပိုင်းတွင် တရုတ်နိုင်ငံတစ်ခုတည်းသို့ အားကိုးနေရသည့်အဆင့်မှ အမေရိကန်နိုင်ငံအပါအဝင် အနောက်နိုင်ငံများနှင့် ဆက်ဆံရေးကောင်းမွန်စေရန် ကြိုးစားခဲ့ပါသည်။ ၎င်းအကျိုးဆက်ကြောင့် တရုတ်–မြန်မာဆက်ဆံရေးသည် သံသယဝင်မှုများဖြစ်ပေါ်စေခဲ့ပြီး မြန်မာတပ်မတော်၏ စစ်လက်နက်ဝယ်ယူမှုတွင် ရုရှားနိုင်ငံနှင့် အခြားနိုင်ငံများသို့ ဦးတည်ခဲ့ပါသည်။ တရုတ်နိုင်ငံဘက်မှ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း မအောင်မမြင်ဖြစ်နေခြင်း၊ ကျောက်ဖြူ

ရေနက်စီမံကိန်းနှင့် အထူးစီးပွားရေးဇုံ ရင်းနှီးမြှုပ်နှံမှုတွင် အကျိုးအမြတ်ခွဲဝေသည့် ကိစ္စများ စသည့် စီမံကိန်းလုပ်ငန်းများကြောင့် မြန်မာနိုင်ငံအပေါ် မကျေလည်မှုများလည်းရှိပါသည်။ မြန်မာတပ်မတော်အနေဖြင့်လည်း လက်နက်ကိုင်အဖွဲ့များ ကာလရှည်ကြာစွာ ရပ်တည်နိုင်မှု အခြေအနေနှင့် လတ်တလော AA တပ်ဖွဲ့မှ အသုံးပြုနေသော လက်နက်များတွင် တရုတ်နိုင်ငံထုတ် လက်နက်များကိုင်ဆောင်မှုများရှိနေခြင်းသည် ဆက်စပ် စဉ်းစားရမည့်အချက်များ ဖြစ်ပါသည်။ နိုင်ငံခေါင်းဆောင်ပိုင်း နောက်ဆုံးတွေ့ဆုံမှုအနေဖြင့် မြန်မာနိုင်ငံ၊ သမ္မတဦးဝင်းမြင့်နှင့် တရုတ်နိုင်ငံ၊ နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၊ ဒုတိယ ဥက္ကဋ္ဌ H.E.Mr.Wang Zhengwei တို့သည် ၂၀၁၈ ခုနှစ်၊ မေလ ၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ၌ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။61

၁၂။ အိန္ဒိယနိုင်ငံသည် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် အိန္ဒိယအရှေ့မြောက်ဘက်ပြည်နယ်များအား ဆက်သွယ်မည့် ကုလားတန်မြစ်ကြောင်းဘက်စုံသုံးစီမံကိန်းတွင်အမေရိကန်ဒေါ်လာ ၄၅၀ သန်း ရင်းနှီးမြှုပ်နှံထားပါသည်။ ၎င်းစီမံကိန်းသည် ၂၀၀၈ ခုနှစ်တွင် စတင်ခဲ့သော်လည်း ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်၊ ပလက်ဝစီမံကိန်းများတွင် နယ်မြေမတည်ငြိမ်ဖြစ်နေသောကြောင့် နှောင့်နှေးကြန့်ကြာမှုများ ရှိနေပါသည်။ ၎င်းစီမံကိန်းသည် တရုတ်နိုင်ငံ၏ OBOR စီမံကိန်းနှင့် အနာဂါတ်တွင် အပြိုင်ဖြစ်လာပါမည်ဟု သုံးသပ်မှုများရှိနေရာ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံ၏ ရေနံနှင့်သဘာဝ ဓါတ်ငွေ့ပိုင်းလိုင်း စီမံကိန်းကိုကာကွယ်ပေးရန် တာဝန်ရှိသကဲ့သို့ အိန္ဒိယနိုင်ငံ၏ ကုလားတန်မြစ်ကြောင်း ဘက်စုံစီမံကိန်းအား ကာကွယ်ပေးရန် တာဝန်ရှိပါသည်။[62] နိုင်ငံခေါင်းဆောင်ပိုင်း နောက်ဆုံးတွေ့ဆုံမှုအနေဖြင့် မြန်မာနိုင်ငံသမ္မတဦးဝင်းမြင့်နှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ရှရီနရမ်ဒရာမိုဒီတို့သည် ၂၀၁၉ ခုနှစ်၊မေလ ၃၀ ရက်နေ့တွင် အိန္ဒိယနိုင်ငံ၌ တွေ့ဆုံခဲ့ပါသည်။[63]

၁၃။ နိုင်ငံရေးမတည်ငြိမ်မှုများသော ထိုင်းနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် ထိုင်းတပ်မတော်မှ အာဏာသိမ်းယူပြီးနောက်ပိုင်း ဝန်ကြီးချုပ်ဖြစ်လာသူ ဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာလက်ထက်တွင် ထိုင်း-မြန်မာ ဆက်ဆံရေး ပြန်လည်ကောင်းမွန်လာပါသည်။ နိုင်ငံ့ခေါင်းဆောင်ပိုင်း နောက်ဆုံး

[61] https://www.moi.gov.mm/?q=news/president&page=17
[62] https://news-eleven.com/article/68296
[63] https://www.moi.gov.mm/?q=news/31/05/2019/id-26441

တွေ့ဆုံမှုအနေဖြင့် မြန်မာနိုင်ငံသမ္မတဦးဝင်းမြင့်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာ တို့သည် ၂၀၁၈ခုနှစ်၊ ဇွန်လ ၁၄ ရက်တွင် ထိုင်းနိုင်ငံတွင် တွေ့ဆုံခဲ့ပါသည်။[64]

၁၄။ မြန်မာ–ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နှစ်နိုင်ငံဆက်ဆံရေးသည် ၂၀၀၈ခုနှစ်တွင် ရခိုင်ကမ်းလွန်လုပ်ကွက်နှင့်ပတ်သက်၍ တင်းမာမှုစတင်ဖြစ်ပွားခဲ့သည်။ အပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးတွင် အဆုံးအဖြတ်ခံယူခဲ့ရပါသည်။ ၂၀၀၉ ခုနှစ်တွင် မြန်မာနိုင်ငံမှ နိုင်ငံခြံစည်းရိုးကာခြင်းအား စတင်လုပ်ဆောင်ချိန်တွင်လည်း မကျေလည်မှုများ ပေါ်ပေါက်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင် မြန်မာပိုင် အုန်းကျွန်း(ရှင်မဖြူကျွန်း)အား ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ၎င်းတို့အပိုင်ဖြစ်သည်ဟု အငြင်းပွားခဲ့ရာ ကုလသမဂ္ဂပင်လယ်ရေကြောင်းဆိုင်ရာခုံရုံးတွင် တင်သွင်းဖြေရှင်းပြီးနောက် အုန်းကျွန်းအား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့လွှဲပြောင်းခဲ့ရသည်။[65]လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံနှစ်နိုင်ငံသည် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ အရေးကိစ္စနှင့်ပါတ်သက်၍ နှစ်နိုင်ငံဆက်ဆံရေးအား စောင့်ကြည့်ရမည့် အခြေအနေဖြစ်ပါသည်။ နိုင်ငံခေါင်းဆောင်ပိုင်း နောက်ဆုံးတွေ့ဆုံမှုအနေဖြင့် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်တွင် မြန်မာနိုင်ငံ၊ ဒုတိယသမ္မတဦးမြင့်ဆွေနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Abul Hassan Mahmood Ali တို့ မြန်မာနိုင်ငံ၌ တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။[66]

၁၅။ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံသည် အစဉ်အဆက် ဆက်ဆံရေး ကောင်းမွန်ပါသည်။ မြန်မာနိုင်ငံအတွင်း လျှပ်စစ်လိုအပ်ချက် ပြည့်မီစေရန်အတွက် လာအိုနိုင်ငံမှ ဝယ်ယူသုံးစွဲနေပြီး အနာဂါတ်တွင် လာအိုနိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးလာနိုင်ပါသည်။[67] နိုင်ငံခေါင်းဆောင်ပိုင်း နောက်ဆုံးတွေ့ဆုံမှုအနေဖြင့် ၂၀၁၉ ခုနှစ်၊မတ်လ ၂၅ ရက်နေ့တွင် မြန်မာနိုင်ငံသမ္မတဦးဝင်းမြင့်နှင့် လာအိုနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီး H.E. Pol.Lt.Gen.Vilay Larkhamfong တို့ မြန်မာနိုင်ငံ၌ တွေ့ဆုံခဲ့ပါသည်။[68]

[64] http://www.president-office.gov.mm/?q=briefing-room/statements-and-releases/2018/06/18/id-14066
[65] https://news-eleven.com/headline/59587
[66] https://www.moi.gov.mm/?q=news/10/08/2018/id-19771
[67] https://www.bbc.com/burmese/burma-42694719
[68] https://www.moi.gov.mm/?q=news/25/03/2019/id-24878

**နိဂုံး**

၁၆။ မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ်တွင် ဒီမိုကရေစီစနစ်သို့ စတင်ကူးပြောင်းချိန်မှစ၍ အမေရိကန်နိုင်ငံအပါအဝင် အနောက်နိုင်ငံများနှင့် ဆက်ဆံရေးကောင်းမွန်အောင် ဆောင်ရွက်ခဲ့ပါသည်။ ယခင်က တရုတ်နိုင်ငံတစ်ခုတည်းသာ မှီတင်းအားကိုးနေခြင်းမှ အနောက်မျှော်ဝါဒ (Look East) ဖြင့် ကမ္ဘာ့နိုင်ငံအသိုင်းအဝန်းသို့ ဝင်ရောက်ရန်ကြိုးစားလျှက်ရှိပါသည်။ ၂၀၁၆ ခုနှစ်မှစတင်ခဲ့သော ရခိုင်အရေးကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် နိုင်ငံတကာတွင် ရလဒ်ကောင်းရရှိစေရန် ကြိုးပမ်းရဦးမည် ဖြစ်ပါသည်။ အမေရိကန်နိုင်ငံနှင့် အပြိုင်ဖြစ်သော အင်အားကြီးတရုတ်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသော မြန်မာနိုင်ငံသည် ဘက်မလိုက်၊ ကြားနေဝါဒအား ကျင့်သုံးနေသော်လည်း မမျှော်မှန်းနိုင်သော နိုင်ငံရေးအခြေအနေများကြားထဲတွင် နိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အောင်မြင်ရန်၊ အမျိုးသားအကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းခြင်းနှင့် မိမိနိုင်ငံအား ကာကွယ်ရန်အတွက် နည်းပညာစနစ်မြင့်မားသော စစ်လက်နက်သစ်ဆန်းများ ယခုထက် ပိုမိုဖြည့်တင်းရန် လိုအပ်လျှက်ရှိပါသည်။

သုတေသနဌာန

ပြည်သူ့လွှတ်တော်ရုံး

**ဤစာတမ်းတိုအား ဦးဝင်းဇော်လတ် (ဒုတိယညွှန်ကြားရေးမှူး) မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ဝိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။**

## သတိပြုရန်

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စတစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ်မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည်အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော်

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။
သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅